**သတင်းထုတ်ပြန်ချက်**

# မြန်မာပြည်သူများအားလုံး ဘဏ္ဍာရေးဝန်ဆောင်မှုအား လက်လှမ်းမီစေရန် ရည်ရွယ်၍ Wave Money နှင့် Ant Financial Services Group တို့မှပူးပေါင်းဆောင်ရွက်

**၂၀၂၀ ခုနှစ်၊ မေလ ၁၈ ရက်၊ ရန်ကုန်၊ ဟန်ကျိုး။** ။ မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းဝန်ဆောင်မှုကို လက်လှမ်းမမီသေးသူများနှင့် အခြေခံပြည်သူများအတွက် လူတိုင်း ဘဏ္ဍာရေးဝန်ဆောင်မှု အသုံးပြုနိုင်ရေးကို မြှင့်တင်လုပ်ဆောင်ရန် Digital Money Myanmar Limited (“Wave Money”) နှင့် Alipay ၏ အော်ပရေတာဖြစ်သူ Ant Financial Services Group (“Ant Group”) တို့အကြား မဟာဗျူဟာမြောက် မိတ်ဖက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်းကို ယနေ့တွင် ထုတ်ပြန်ကြေညာသည်။ ဒီဂျစ်တယ်နှင့် မိုဘိုင်းငွေပေးချေမှုလုပ်ငန်းတွင် ရှေ့တန်းမှဦးဆောင်လျက်ရှိသော Ant Group ၏ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများနှင့်အတူ Wave Money သည် မြန်မာနိုင်ငံအနှံ့ရှိ သုံးစွဲသူများအတွက် ပိုမိုလွယ်ကူအဆင်ပြေပြီး လုံခြုံစိတ်ချရသည့် မိုဘိုင်းဘဏ္ဍာရေးဝန်ဆောင်မှုများကို တိုးမြှင့်လုပ်ဆောင်သွားဖြစ်သည်။

Wave Money သည် Telenor Group၊ Yoma Group (Yoma Strategic Holdings[1] - “Yoma Strategic” နှင့် ရိုးမဘဏ်တို့ကို ပူးပေါင်းခေါ်ဆိုခြင်း) တို့အကြား အကျိုးတူ ပူးပေါင်းလုပ်ဆောင်လျက်ရှိသည့် ဖက်စပ်ကုမ္ပဏီဖြစ်သည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ Ant Group မှ Wave Money ကုမ္ပဏီတွင် အမေရိကန်ဒေါ်လာ ၇၃.၅ သန်း ရင်းနှီးမြှုပ်နှံပြီး Yoma Group[2]၊ Telenor တို့နှင့်အတူ Wave Money ၏ အရာရောက်သည့် အနည်းစုပိုင်ရှယ်ယာရှင် ဖြစ်လာမည်ဖြစ်သည်။ Ant Group ၏ Wave Money တွင် ရင်းနှီးမြှုပ်နှံမှုအတွက် သက်ဆိုင်ရာအာဏာပိုင်များ၏ ခွင့်ပြုချက်ရရှိမှုနှင့် စာချုပ်ပါအချက်များပြည့်မီမှုအပေါ် မူတည်၍ ရှယ်ယာအသစ်များ ထည့်ဝင်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ မိုဘိုင်းဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍတွင် ရှေ့ တန်းမှဦးဆောင်လျက်ရှိသော Wave Money သည် မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၃၀ အနက် ၂၉၅ မြို့နယ်အတွင်း ကိုယ်စားလှယ်ပေါင်း ၅၇,၀၀၀ ကျော်ဖြင့် တစ်နိုင်ငံလုံး၏ ၈၉% အား မိုဘိုင်းဘဏ္ဍာရေး ဝန်ဆောင်မှုများပေးအပ်လျက်ရှိသည်။ ၂၀၁၉ ခုနှစ်တွင် Wave Money မှ ငွေလွှဲပြောင်းသည့် ပမာဏသည် ၂၀၁၈ ခုနှစ်ထက် ၃ဆကျော် တိုးတက်လာရာ မြန်မာကျပ်ငွေ ၆.၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄.၃ ဘီလီယံ) အထိရှိခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် လုပ်ငန်းဝင်ငွေနှင့် ငွေလွှဲပြောင်းပေးပို့သည့် အကြိမ်အရေအတွက်တို့သည်လည်း ၃ ဆအထိ တိုးတက်ခဲ့သည်။ Wave Money သည် လုပ်ငန်းစတင်ပြီး နှစ်နှစ်အကြာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကတည်းက EBITDA ဝင်ငွေ စတင်ရရှိခဲ့ပြီး ယခုအချိန်အထိ ဝင်ငွေရရှိမှုကို ဆက်လက်ထိန်းထားလျက်ရှိပါသည်။

မြန်မာနိုင်ငံရှိ သုံးစွဲသူပေါင်း ၂၁ သန်းကျော်မှ Wave Money ဝန်ဆောင်မှုအား အသုံးပြုပြီး ငွေလွှဲ ငွေထုတ်ခြင်း၊ ဘေလ်များပေးဆောင်ခြင်း၊ ဝန်ဆောင်ခပေးချေခြင်း၊ ဖုန်းငွေဖြည့်ခြင်းနှင့် ဒီဂျစ်တယ်ငွေပေးချေမှုများကို ပြုလုပ်လျက်ရှိသည်။ WavePay အက်ပလီကေးရှင်းအား စတင်မိတ်ဆက်ခဲ့ချိန် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ မှစ၍ WavePay အား ပုံမှန်သုံးစွဲသူအရေအတွက်မှာ လစဉ် ၁၄% ဖြင့် တိုးပွားလျက်ရှိသည်။

---

[1] Yoma Strategic မှ ၈-၁၁-၂၀၁၉ ရက်တွင် ထုတ်ပြန်ခဲ့သော FMI ကုမ္ပဏီပိုင် Wave Money ၏ ၁၀% အားဝယ်ယူခြင်းကို ရည်ညွှန်းလျက် ယင်းဝယ်ယူခြင်းကိစ္စရပ်သည် Wave Money သို့ Ant Group မဝင်ရောက်မီ ပြီးပြတ်ရန်လိုအပ်သည်။

[2] ကိစ္စရပ်များ အားလုံးပြီးစီးချိန်၌ Wave Money အား Yoma Strategic မှ ၂၉.၅% နှင့် ရိုးမဘဏ်မှ ၃.၄% ဆက်လက်ပိုင်ဆိုင်မည်။

Ant Group သည် တီထွင်ဆန်းသစ်သော နည်းပညာများနှင့်အတူ တစ်ကမ္ဘာလုံးရှိ လူတန်းစားအလွှာပေါင်းစုံ၊ မည်သူမဆို လက်လှမ်းမီနိုင်သည့် ဘဏ္ဍာရေးဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိသည့် နည်းပညာအခြေပြုကုမ္ပဏီဖြစ်သည်။ ၎င်းသည် Alipay ၏ အော်ပရေတာဖြစ်ပြီး ၂၀၀၄ ခုနှစ်တွင် အွန်လိုင်းငွေပေးချေသည့် ဝန်ဆောင်မှုကို စတင်ခဲ့ရာမှ ဒီဂျစ်တယ်နေထိုင်မှုပုံစံအတွက် ကုန်သည်များနှင့် သုံးစွဲသူများအကြား ချိတ်ဆက်ပေးသည့် ထိပ်တန်းပလက်ဖောင်းတစ်ခု ဖြစ်လာခဲ့သည်။ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အရ Alipay သည် ၎င်း၏ မဟာဗျူဟာကျ E-wallet မိတ်ဖက်များနှင့်အတူ ကမ္ဘာအနှံ့တွင် ပြည်သူပေါင်း ၁.၂ ဘီလီယံကို ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသည်။

အဆိုပါမဟာဗျူဟာကျ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် Wave Money သည် Ant Group ၏ မိုဘိုင်းငွေပေးချေမှုလုပ်ငန်း အတွေ့အကြုံများအား အသုံးပြု၍ ၎င်း၏ ဒီဂျစ်တယ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်အပိုင်း၊ သုံးစွဲသူများ၏ ဝန်ဆောင်မှုအပေါ် တွေ့ကြုံခံစားရမှုအပိုင်း၊ ဝန်ဆောင်မှု အမျိုးအစားအပိုင်းတို့တွင် မြန်မာပြည်သူများ၏ လိုအပ်ချက်များအား ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

"Wave Money အနေနဲ့ အခုလိုပူးပေါင်းဆောင်ရွက်မှုအတွက် အထူးစိတ်လှုပ်ရှားလျက်ရှိပြီး Ant Group ၏ နည်းပညာပိုင်ဆိုင်ရာ ကျွမ်းကျင်မှု၊ ပံ့ပိုးကူညီမှုတွေနဲ့အတူ ကျွန်တော်တို့ရဲ့ ဒီဂျစ်တယ်နည်းပညာဆိုင်ရာ ခရီးလမ်းကို အရှိန်အဟုန်မြှင့် လုပ်ဆောင်သွားဖို့ မျှော်လင့်လျက်ရှိပါတယ်။ မိုဘိုင်းဖုန်းသုံးစွဲလာမှုနှုန်း တရှိန်ထိုး မြင့်တက်လာတာနဲ့အမျှ မြန်မာနိုင်ငံရှိ ပြည်သူတွေအနေနဲ့လည်း ဒီဂျစ်တယ်ငွေပေးချေမှုများကို လက်ခံကျင့်သုံးရန် အသင့်ဖြစ်နေပါပြီ။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုသည် Wave Money အတွက်သာမက မြန်မာပြည်သူများအတွက်ပါ ကောင်းမွန်သော ပြောင်းလဲမှုတွေ ဖြစ်လာနိုင်မယ်လို့လည်း ယုံကြည်ပါတယ်" ဟု **Wave Money ၏ CEO ဖြစ်သူ Brad Jones** မှ ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံရှိ လူဦးရေအများစုက သမားရိုးကျ ဘဏ်လုပ်ငန်းဝန်ဆောင်မှုကို မရရှိသေးဘဲ လူဦးရေရဲ့ လေးပုံတစ်ပုံခန့်သာ ဘဏ်စာရင်းရှိကြပါတယ်။ Ant Group သည် မိုဘိုင်းငွေပေးချေရေး နှင့် ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်းတွေမှာ အတွေ့အကြုံများစွာ ရှိပါတယ်။ Covid-19 အခြေအနေကြောင့် ပြည်သူတွေကြားမှာ ငွေသားမဲ့ငွေပေးချေခြင်းတွေ တိုးများလာတာနဲ့အမျှ e-commerce လုပ်ငန်းတွေလည်း တိုးတက်လာမည်ဖြစ်ပါတယ်။ ယခုမဟာဗျူဟာမြောက် မိတ်ဖက်မှုကနေ Wave Money ရဲ့ ငွေသားမဲ့ ငွေပေးချေမှုစနစ် တိုးတက်လာအောင် ကြိုးပမ်းမှုအတွက် များစွာကူညီ ပံ့ပိုးပေးသွားနိုင်လိမ့်မယ်လို့ ကျွန်တော်တို့မျှော်မှန်းထားပါတယ်" ဟု **Yoma Strategic ၏ CEO ဖြစ်သူ Melvyn Pun** မှ ပြောကြားသည်။

"လူတိုင်းလက်လှမ်းမီနိုင်သည့် ဘဏ္ဍာရေးဝန်ဆောင်မှုများ ဖော်ဆောင်ပေးရန်မှာ Ant Group နှင့် Wave Money တို့ရဲ့ တူညီသည့် ရည်မှန်းချက်ဖြစ်ပါတယ်။ Wave Money အနေနဲ့ Alipay ရဲ့ လုပ်ငန်းအတွေ့အကြုံတွေနဲ့အတူ မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းဝန်ဆောင်မှုကို အသုံးမပြုသူများ၊ လက်လှမ်းမမီသေးသူများနှင့် အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်များအတွက် ဘဏ္ဍာရေးဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် တိုးမြှင့်လုပ်ဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။ ပြည်တွင်းသုံးစွဲသူတွေနှင့် ကုန်သည်တွေ၏ နေ့စဉ်ကိစ္စအဝဝမှာ ပိုမိုအဆင်ပြေ ကောင်းမွန်လာစေရန် Wave Money နဲ့အတူ မြန်မာနိုင်ငံမှာ အောင်မြင်စွာ ပူးပေါင်းလုပ်ကိုင်သွားရန်ကိုလည်း အထူးမျှော်လင့်မိပါတယ်" ဟု **Ant Group ၏ Executive Chairman ဖြစ်သူ Eric Jing** မှ ပြောကြားပါသည်။

နိုင်ငံအတွင်း Financial Inclusion (လူတန်းစားအလွှာပေါင်းစုံ လက်လှမ်းမီနိုင်သော ဘဏ္ဍာရေးဝန်ဆောင်မှု) သည် လက်ရှိတွင် ၄၈% ရှိနေရာမှ၂၀၂၂[3] ခုနှစ်တွင် ၆၀% အထိ တိုးတက်လာအောင် လုပ်ဆောင်သွားရန် မြန်မာနိုင်ငံအစိုးရမှ ရည်မှန်းထားပါသည်။ အဆိုပါ ရည်မှန်းချက်အားအကောင်အထည်ဖော်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ နည်းပညာနှင့် မိုဘိုင်းဆိုင်ရာ ဖြေရှင်းချက်များသည် အဓိက အခန်းကဏ္ဍတွင် ပါဝင်လာမည်ဟု ခန့်မှန်းထားပါသည်။ ထို့ကြောင့် Yoma Strategic အနေဖြင့်လည်း မြန်မာနိုင်ငံရှိ ဒီဂျစ်တယ် ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုအားကောင်းလာစေရန် လု ပ်ဆောင်သွားမည်ဖြစ်ပြီး Wave Money တွင် ပိုင်ဆိုင်သည့် အစုရှယ်ယာအချိုးအစား တိုးပွားလာစေရန် ဖြစ်နိုင်ချေရှိသည့် အလားအလာများကိုလည်း ဆက်လက်ရှာဖွေ ဖော်ဆောင်သွားမည်ဖြစ်သည်။

– END –

**Yoma Strategic Holdings အကြောင်း** (http://www.yomastrategic.com)

Singapore Securities Exchange Trading Limited (SGX-ST) တွင် စာရင်းသွင်းမှတ်ပုံတင်ထားသည့် Yoma Strategic Holdings Ltd သည် မြန်မာနိုင်ငံတွင် အိမ်ခြံမြေ၊ စားသောက်ကုန်၊ မော်တော်ယာဉ် နှင့် အကြီးစား ပစ္စည်းကိရိယာများ၊ ဘဏ္ဍာရေးဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နေသော ထိပ်တန်း စီးပွားရေး ကော်ပိုရေးရှင်းဖြစ်ပါသည်။ Yoma Group ၏ မိတ်ဖက်အဖွဲ့အစည်းတို့နှင့်အတူ Yoma Strategic သည် မြန်မာနိုင်ငံ၏ စီးပွားရေး လုပ်ငန်းနယ်ပယ် အသီးသီးတွင် လုပ်ကိုင်ရန်အတွက် လုပ်ငန်းပေါင်းစုံကော်ပိုရေးရှင်းအဖြစ် လုပ်ကိုင်လျှက်ရှိပါသည်။ ကုမ္ပဏီသည် ၂၀၁၉ ခုနှစ် စင်္ကာပူနိုင်ငံ၏ အုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှု အရှိဆုံး ကုမ္ပဏီများအနက် ထိပ်သီး ၅ ရာခိုင်နှုန်း တွင်ပါဝင်သည့်အပြင် ၂၀၁၇ ခုနှစ်၏ အာဆီယံကုမ္ပဏီအုပ်ချုပ်မှုမှ သတ်မှတ်သည့် စင်္ကာပူ၏ အကြီးဆုံးကုမ္ပဏီပေါင်း ၁၀၀ အနက် အဆင့် ၂၆ တွင်ရပ်တည်ပြီး ၂၀၁၆ ခုနှစ်၏ စင်္ကာပူကုမ္ပဏီများ ဆုပေးပွဲတွင် အကောင်းဆုံး စီမံခန့်ခွဲမှု ဒါရိုက်တာအဖွဲ့ (ရွှေ) ဆုကိုလည်း ချီးမြှင့်ခြင်းခံရသည်။

**Wave Money အကြောင်း** (http://www.wavemoney.com.mm)

မြန်မာနိုင်ငံရှိ မိုဘိုင်းငွေကြေး ဝန်ဆောင်မှုလုပ်ငန်းတွင် ရှေ့တန်းမှဦးဆောင်လျက်ရှိသော Wave Money သည် မြန်မာနိုင်ငံအနှံ့တွင် Wave ဆိုင်ပေါင်း ၅၇,၀၀၀ ကျော်ဖြင့် ဝန်ဆောင်မှုများပေးအပ်လျက်ရှိသည်။ ထို့အပြင် Wave Money သည် Telenor ၊ ရိုးမဘဏ်နှင့် စင်္ကာပူစတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်သော Yoma Strategic Holdings တို့နှင့် အကျိုးတူဖက်စပ်လုပ်ကိုင်နေသော ကုမ္ပဏီတစ်ခုဖြစ်သည်။ Wave Money သည် နိုင်ငံအနှံ့တွင်ထားရှိသည့် ကိုယ်စားလှယ်ကွန်ရက်မှတစ်ဆင့် လွယ်ကူ၊ လျင်မြန်ပြီး ယုံကြည်စိတ်ချရသည့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုများကို ပေးလျက်ရှိပါသည်။ Wave Money သည် ငွေလွှဲဝန်ဆောင်မှုနှင့် ပတ်သက်၍ တမူထူးခြားသည့် ငွေလွှဲပြောင်းမှုပုံစံဖြင့် သန်းနှင့်ချီသော မြန်မာနိုင်ငံရှိ ပြည်သူများအား ဘဏ္ဍာရေးဝန်ဆောင်မှုများကို လက်လှမ်းမီလာစေရန် လုပ်ဆောင်ပေးခဲ့သည်။ ထောင်ပေါင်းများစွာသော ပြည်သူတို့သည် နေ့စဉ် ငွေပေးပို့ခြင်းများကို Wave Money မှတစ်ဆင့် အချိန်မရွေး၊ နေရာမရွေးမှ လုပ်ဆောင်လျက်ရှိပါသည်။ Wave Money ၏ Call Center များသည် တစ်ပတ် ၇ ရက်၊ တစ်ရက် ၂၄ နာရီ အချိန်ပြည့် လည်ပတ်လျက်ရှိပြီး သုံးစွဲသူများမှ သိရှိလိုသည့် မေးမြန်းချက်များကို အချိန်ပြည့် ဖြေကြားပေးလျက်ရှိသည်။

**Ant Group အကြောင်း** (https://www.antfin.com/)

Ant Financial Services Group (Ant Group) သည် နည်းပညာကို အသုံးပြု၍ တစ်ကမ္ဘာလုံးအတွက် တန်းတူညီမျှသည့် အခွင့်အရေးများ ဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်ထားပါသည်။ ကျွန်တော်တို့၏ နည်းပညာများဖြစ်သည့် Blockchain ၊

---

[3] https://www.nationthailand.com/Economy/30370928

Artificial Intelligence ၊ Security ၊ Internet of Things နှင့် ကွန်ပြူတာ စသည့် နည်းပညာတို့ကြောင့် ကျွန်တော်တို့၏ မိတ်ဖက်လုပ်ငန်းများသည် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုကို လက်လှမ်းမမီသူများနှင့် အသုံးမပြုသူများအတွက် ဝန်ဆောင်မှုပေးနိုင်စေပါသည်။ ထို့ကြောင့် ကမ္ဘာအနှံ့ရှိ ပြည်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းရှင် ဖောက်သည်များအတွက် ပိုမို လုံခြုံစိတ်ချရသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ ကုန်ကျစရိတ် သက်သာသော၊ လူတိုင်းလက်လှမ်းမီနိုင်သော ဘဏ္ဍာရေးဝန်ဆောင်မှုများကို ဖော်ဆောင်ပေးလျက်ရှိပါသည်။

Ant Group သည် နိုင်ငံတကာရှိ အဖွဲ့အစည်းများနှင့် မဟာဗျူဟာမြောက်မိတ်ဖက်ပြီး ဈေးကွက်အတွင်းရှိ ဒေသခံပြည်သူများအား ဝန်ဆောင်မှုပေးနေသည့်အပြင် ပြည်ပရောက် တရုတ်ခရီးသွားများကိုလည်း Alipay မှတစ်ဆင့် အွန်လိုင်းနှင့် Offline ရှိ ကုန်သည်များနှင့် ချိတ်ဆက်ပေးခြင်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ Ant Group လက်အောက်တွင် Alipay ၊ Ant Fortune ၊ MYbank နှင့် WorldFirst အစရှိသည့် အမှတ်တံဆိပ်များ ပါဝင်ပါသည်။ အခြားသိရှိလိုသည်များရှိပါက ဝဘ်ဆိုဒ်ဖြစ်သော www.antfin.com တွင် ဝင်ရောက်ကြည့်ရှုခြင်း (သို့) Twitter @AntFinancial တွင် ကြည့်ရှုနိုင်ပါသည်။

**စုံစမ်းမေးမြန်းမှုများအတွက်**


Yoma Strategic:
Analyst contact:
Ms. Jane Kwa, Tel: (65) 9759 2602 or (95) 09 79311 3587 Email: janekwa@yoma.com.mm

Media contact:
Ms. Sylvia Saw McKaige, Tel: (65) 9476 2581 Email: sylviamckaige@yoma.com.mm
Ms. Thiri Yee Mon, Tel: (95) 9777 211 888 Email: thiri@yoma.com.mm

Wave Money:
Media contact:
Ms. Kelly Moe Lwin, Tel: (95) 9791 009234 Email: kelly.moepwintlwin@wavemoney.com.mm

Ant Financial:
Media contact:
Mr. Le Shen, Email: shenle.sl@antfin.com